The Royal Old Age Allowances Act 1951.
(Act No VII of 1951)

# ၁၉၅၁ ခုနှစ်၊ ဆွေတော်မျိုးတော်၊သက်ကြီးကရုဏာတော်ကြေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့်အာဏာ စတည်ရန်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဆွေတော်မျိုးတော်၊သက်ကြီးကရုဏာတော်ကြေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည့်ပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံးနှင့် သက်ဆိုင်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်၊အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဆွေတော်မျိုးတော်" ဆိုသည်မှာ၊ မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့မှ ဆင်းသက်လာသော ဆွေဆက်မျိုးနွယ်မှ ပုဂ္ဂိုလ်တဦးဦးကိုဆိုလိုသည်။

(ခ) "အိမ်ရှေ့မင်း" ဆိုသည်မှာ၊ ကနောင်မင်း၊ သို့တည်းမဟုတ်မင်းဒတ်ပင်းကိုဆိုလိုသည်။

(ဂ) "ပြည်ထောင်စု မြန်မာနိုင်ငံသား" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ ၌ ဖော်ပြထားသော နိုင်ငံသားကိုဆိုလိုသည်။

(ဃ) "ကရုဏာတော်ကြေးရရှိသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ကရုဏာတော်ကြေးရရှိသူကိုဆိုလိုသည်။

(င) "ကရုဏာတော်ကြေး" ဆိုသည်မှာ၊ ဆွေတော်မျိုးတော်၊ သက်ကြီးကရုဏာတော်ကြေးကိုဆိုလိုသည်။

(စ) "မုဆိုးမ" ဆိုသည်မှာ—

(၁) မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့၏ သားတော်၊ မြေးတော်နှင့်မြစ်တော်တို့အနက်၊ ၁၉၄၀ ပြည့်နှစ်၊ဧပြီလ ၄ ရက်နေ့မတိုင်မီ အိမ်ထောင်ပြုကြသော သားတော်၊ မြေးတော်နှင့် မြစ်တော်တို့၏ မုဆိုးမများ။

(၂) မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့၏ သားတော်၊ မြေးတော်နှင့် မြစ်တော်တို့အနက်၊ ၁၉၄၁ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ကျော်လွန်မှ အိမ်ထောင်ပြုကြသော သားတော်၊ မြေးတော်နှင့်မြစ်တော်တို့၏ မုဆိုးမ များဖြစ်သည့်အပြင် မိမိ ကိုယ်တိုင်ကလည်း၊ မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊သို့တည်းမဟုတ် အိမ်ရှေ့မင်းမှ ဆင်းသက်လာသော ဆွေဆက်မျိုးနွယ်ဖြစ်သူ မုဆိုးမများကိုဆိုလိုသည်။

Price,—One anna.]

အကျိုးခံစားခွင့်ရှိသူများ။

၃။ ။ဤအက်ဥပဒေ၌ အောက်ပါဆွေတော်မျိုးတော်များသာလျှင်၊ အကျုံးဝင်၍ အကျိုးခံစားခွင့်ရရှိစေရမည်။

(က) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏သားတော်သမီးတော်များ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏မြေးတော်များ။

(ဂ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏မြစ်တော်များ။

ခြွင်းချက်။ ။သို့ရာတွင် အဆိုပါဆွေတော်မျိုးတော်များမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ဒုတိယနှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၅၀ ပြည့်နှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် အသက် လေးဆယ့်ငါးနှစ် ပြည့်ပြီးသူများနှင့် အသက် လေးဆယ့်ငါးနှစ်ကျော်လွန်ပြီးသူများသာဖြစ်စေရမည်။

ကရုဏာတော်ကြေးနှုန်းထား။

၄။ ။ပြည်ထောင်စု နိုင်ငံတော်အစိုးရက လစဉ် ကရုဏာတော်ကြေးများကိုအောက်ပါနှုန်းထားအတိုင်းပေးရမည်။

(က) မင်းတုန်းမင်း၊သို့တည်းမဟုတ်သီပေါမင်း၏သားတော်သမီးတော်များအား၊ တဦးလျှင် တလကရုဏာတော်ကြေး ငါးရာကျပ်ကျစီ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏မြေးတော်များအား၊ တဦးလျှင်တလကရုဏာတော်ကြေး နှစ်ရာ့ငါးဆယ်ကျပ်ကျစီ။

(ဂ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏မြစ်တော်များအား၊ တဦးလျှင်တလကရုဏာတော်ကြေး နှစ်ရာကျပ်ကျစီ။

(ဃ) အိမ်ရှေ့မင်း၏သားတော် သမီးတော် များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး လေးရာကျပ်ကျစီ။

(င) အိမ်ရှေ့မင်း၏မြေးတော်များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး နှစ်ရာ ကျပ်ကျစီ။

(စ) အိမ်ရှေ့မင်း၏ မြစ်တော်များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး တရာ့ငါးဆယ်ကျပ်ကျစီ။

ဆွေတော်မျိုးတော် မှ ကျန် ရစ် သော မုဆိုးမ များ။

၅။ ။(၁) ဆွေတော်မျိုးတော်များ ပင်စင် အက်ဥပဒေ (The Political Pensions Act) ပုဒ်မ ၆ အရ၊ အကျိုး ခံစားခွင့် ရရှိနိုင်ခဲ့သော မုဆိုးမ များအား၊ မိမိတို့၏ လျှောက်လွှာတွင် ဖော်ပြပါရှိသော မိမိတို့၏အကြောင်းခြင်းရာများကို ခြံထောက်ထား၍ သင့်တော်သော ထောက်ပံ့ငွေပေးသင့်လျှင် ပြည်ထောင်စုနိုင်ငံတော်အစိုးရက ပေးနိုင်သည်။

(၂) အထက်ပါ ပုဒ်မခွဲအရ တင်သွင်းသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ပြည်ထောင်စု နိုင်ငံတော်အစိုးရကစုံစမ်းစစ်ဆေးစေရမည်။

(၃) အဆိုပါ လျှောက်လွှာများနှင့်အတူ သက်သေခံ အထောက် အထားများ ပူးတွဲပါရှိရမည်။

၆။ ။ဤအက်ဥပဒေအရပေးသော ကရုဏာတော်ကြေးများမှပါ၌ အမြတ်တော်ခွန် ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ရှိရမည်။

အမြတ်တော်ခွန်ကင်းလွတ်ခြင်း။

၇။ ။ဤအက်ဥပဒေအရ၊ ကရုဏာတော်ကြေး ရရှိသူ အနိစ္စ ရောက်လျှင်၊ အနိစ္စရောက်သူအတွက် သင်္ဂြိုဟ်ရန်မိမိ၏ ရသင့်ရထိုက်သော လစဉ် ကရုဏာတော်ကြေး၏ သုံးဆဖြစ်သော ကောက်ပံ့ငွေကို ပေးရမည်။

၈။ ။ဤအက်ဥပဒေအရ၊ အောက်ပါ ဆွေတော်မျိုးတော်များမှာ အကျိုး ခံစားနိုင်ခွင့် မရှိစေရ။

အကျိုးခံစားခွင့် မရရှိနိုင်သူများ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပ၊ နိုင်ငံခြား အရပ် ဒေသများ၌ အမြဲနေထိုင်သူ၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကိုငင်း၊ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရဖွဲ့စည်းထားသောနိုင်ငံတော် အစိုးရကိုငင်း၊ သစ္စာ စောင့် ထိန်း သူမဟုတ်သူ၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် စွန့်လွှတ်သူ၊သို့တည်းမဟုတ် ဆုံးရှုံးသူ၊သို့တည်းမဟုတ်

(ဃ) ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ ကျော်လွန်မှ မြန်မာနိုင်ငံ တိုင်းရင်းသားမဟုတ်သူနှင့်အိမ်ထောင်ပြုသူ၊သို့တည်းမဟုတ်

(င) ရာဇဝတ်မှုကခုခုကျူးလွန်သဖြင့် ခြောက်လအောက် မနည်းသော ထောင်ဒဏ် စီရင်ခြင်း ခံရဘူးသောသူ၊ သို့တည်းမဟုတ် ကိုယ်ကျင့်တရား ပျက်ပြားခြင်းနှင့် သက်ဆိုင်သောရာဇဝတ်မှု တခုခုအတွက် အပြစ်ဒဏ် စီရင်ခြင်းခံရဘူးသူ။

၉။ ။ဤအက်ဥပဒေသည်၊ ဆွေတော် မျိုးတော်များ ပင်စင် အက်ဥပဒေ (The Political Pensions Act)၊ သို့တည်းမဟုတ် ၁၉၄၁ ခုနှစ်၊ ဆွေတော်မျိုးတော်များပင်စင်အက်ဥပဒေ (ပြင်ဆင်ချက်) ထချက်လွှတ်ဥပဒေအရ၊ဆွေတော်မျိုးတော်ပင်စင်လစာငွေရထိုက်သူတို့အား၊ အဆိုပါအက်ဥပဒေနှင့် တချက်လွှတ်ဥပဒေများ မရုပ်သိမ်းမီ၊သို့တည်းမဟုတ်မကုန်ဆုံးမီ၊မိမိတို့တရားသဖြင့်ရထိုက်သည့်ကျန်ရှိသောဆွေတော်မျိုးတော် ပင်စင် လစာငွေ ထုတ်ယူခြင်းကို ဖြစ်စေ၊ အုပ်ချုပ်မှု ဆိုင်ရာအမိန့်အရ၊ ကရုဏာတော်ကြေး ရထိုက်သူတို့အား၊ မိမိတို့ တရားသဖြင့် ရထိုက်သည့် ကျန်ရှိသော ကရုဏာတော်ကြေး ထုတ်ယူခြင်းကိုဖြစ်စေ တားမြစ်သည်ဟု မမှတ်ထူရ။

၁၀။ ။နိုင်ငံတော် သမတက အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၅ အရ စုံစမ်းစစ်ဆေးရန် နည်းထမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်ကိစ္စ။

G.U.B.C.P.O.—No. 127. M. of I.A.—16-5-51—2,000—I.